# ရပ်ရွာအဆင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အချက်အလက်သတင်းလွှာ

- ✓ **ရပ်ရွာလူထုများတွင် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိုယ်ပိုင်နည်းလမ်းများ ရှိကြသည်။**
- ✓ **ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ ရပ်ရွာလူထုအနေဖြင့် လုပ်ဆောင်ထားပြီးသည်များကို နားထောင်လေ့လာ သင်ယူပါ။**

DRAFT

## မိတ်ဆက်

ကလေးသူငယ်ကာကွယ်ဆိုင်ရာ ဆောင်ရွက်သူများသည် ရပ်ရွာလူထုအနေဖြင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးအတွက် လုပ်ဆောင်ထားပြီးသည်များကို ဦးစွာပထမ နားလည်အောင် ကြိုးစားခြင်းမရှိဘဲ "ရပ်ရွာအခြေပြု ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကော်မတီများ/အဖွဲ့များ" သမားရိုးကျအားဖြင့် ဖွဲ့စည်းဆောင်ရွက်လေ့ ရှိကြသည်။ ရပ်ရွာအခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နည်းစနစ်များ - Community-based Child Protection Mechanisms – CBCPM ချဉ်းကပ်ဆောင်ရွက်မှု အတွေ့အကြုံများမှ လေ့လာသင်ယူမှုများအရ ရပ်ရွာလူထုသည် ပြင်ပ အေဂျင်စီများအပေါ်တွင် မှီခိုမှုအားကြီးသောကြောင့် လူထုအတွင်း ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်မှုများ၏ ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်မှုမှာ အားနည်းနေသည်ကို တွေ့ရှိရပါသည်။ ရပ်ရွာအခြေပြု ချဉ်းကပ်မှုပုံစံ၏ ရေရှည်တည်တံ့နိုင်မှုအား နှောင့်နှေးစေသော အကြောင်းအချက်များစွာ ရှိပါသည်။ ပထမအချက်မှာ - ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်မှုများသည် "ရပ်ရွာလူထုမှ ပိုင်ဆိုင်သည်" ကို ဆန့်ကျင်ဘက်ပြုသည့် "အေဂျင်စီမှ ဦးဆောင်သည်" ဟု ဖြစ်သည်။ ထို့ကြောင့် ယင်းဆောင်ရွက်မှုများသည် ရေရှည်တည်တံ့မှု မရှိခြင်း သို့မဟုတ် ယဉ်ကျေးမှုနှင့် စီလျော်မှုမရှိခြင်းတို့ ဖြစ်လေ့ရှိကြသည်။ ဒုတိယအချက်မှာ - များစွာသော အေဂျင်စီတို့သည် ရပ်ရွာလူထုထံသို့ ၎င်းတို့၏ ထင်မြင်ယူဆချက်များနှင့် သွားရောက်၍ "၎င်းတို့ ထင်မှတ်သော အဖြေများ" ကိုပေးရန် ကြိုးစားကြသည်။ ရပ်ရွာအသိုင်းအဝိုင်း ပြင်ပမှ လုပ်ငန်းဆောင်ရွက်သူများသည် အစည်းဝေးအချိန်များနှင့် အစီအစဉ်များကို သတ်မှတ်၍ CBCP အဖွဲ့များအတွက် အပန်းဖြေ စားသောက်ဖွယ်ရာများ စီစဉ်ပေးခြင်းနှင့် အခြားသော "ထောက်ပံ့မှုများ" ကိုသာ ဆောင်ရွက်ပေးလေ့ ရှိကြသည်။ ဤသို့ ဆောင်ရွက်ခြင်းမှာ အေဂျင်စီများ ပြန်လည်ထွက်ခွာချိန်နှင့် အဆိုပါ ရပ်ရွာလူထုထံသို့ မရောက်ရှိနိုင်သော အချိန်များတွင် ပြဿနာ ရှိနိုင်သည်။ အဆိုပါ ရပ်ရွာလူထုကော်မတီများ/အဖွဲ့များအနေဖြင့် အေဂျင်စီများ မရှိသောကာလတွင် ၎င်းတို့အတွက် ပြင်ပမှ ထောက်ပံ့ပေးသည့် ရရှိနိုင်ဖွယ်ရာ မက်လုံးများ မရှိခြင်းကြောင့် ၎င်းတို့ကိုယ်တိုင် ဦးဆောင်ဦးရွက်ပြု၍ လုပ်ငန်းဆက်လက် ဆောင်ရွက်ရန် မဖြစ်နိုင်တော့ပါ။

## ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ရပ်ရွာအဆင့် ချဉ်းကပ်ဆောင်ရွက်မှုများ

၂၀၁၉ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ရပ်ရွာအဆင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဖွဲ့ Community-level CP Task Force (CCP TF) မှ စနစ်ကျသော စာတမ်းလေ့လာမှု တစ်ခုပြုလုပ်ခဲ့ပါသည်။ အဆိုပါ လေ့လာမှုသည် လူသားချင်းစာနာမှုဆိုင်ရာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆောင်ရွက်သူများအကြား "ရပ်ရွာအဆင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး"၏ ဆိုလိုရင်းအဓိပ္ပါယ်နှင့် အေဂျင်စီများအကြား ဝေမျှထားသော နားလည်မှု ရှိ၊မရှိကို ပြန်လည်သုံးသပ်ရန် လှုံ့ဆော်မှုဖြစ်စေခဲ့သည်။ အေဂျင်စီမှ ဦးစီးဆောင်ရွက်သော ရပ်ရွာအခြေပြုအဖွဲ့များဖြင့် ဆောင်ရွက်သည့်ပုံစံမှ ရပ်ရွာလူထုမှ ဦးဆောင်၍ ကမကထပြုဆောင်ရွက်သည့် ပုံစံဖြစ်စေရန်အတွက် မျိုးစုံကွဲပြားသော လူထုဖြင့် ထိတွေ့ဆက်ဆံသည့် ပုံစံများဖြင့် ဆောင်ရွက်လျက်ရှိသည်ကို အဆိုပါ လေ့လာမှုမှ အသိအမှတ်ပြုထားပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်သည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအတွက် အနည်းဆုံးရှိရမည့် စံနှုန်းများ *Minimum Standards for Child Protection in Humanitarian Action (CPMS)* - စံနှုန်း ၁၇ နှင့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်သည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအတွက် မိတ်ဖက်များမှ အသစ်ရေးသားထားသည့် ရပ်ရွာအဆင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စီမံဆောင်ရွက်ခြင်းအတွက် ပြောင်းလဲမှု သီအိုရီတို့[1]နှင့် ကိုက်ညီမှုရှိစေရန်အတွက် မြန်မာနိုင်ငံရှိ CP AoR သည် သမားရိုးကျ ရပ်ရွာအခြေပြု လုပ်ငန်းဆောင်ရွက်မှုမှ ကွဲပြားခြားနားသည့် ချဉ်းကပ်ဆောင်ရွက်မှုပုံစံတစ်ခုကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ရာတွင် လူထု၏ ပါဝင်ပိုင်ဆိုင်မှု တိုးတက်လာစေရန်အတွက် ကျင့်သုံးဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။

အဆိုပါချဉ်းကပ်မှု ပုံစံသည် အောက်ပါတို့ကို အဓိကဦးတည်ထားပါသည် -

- ၎င်းတို့၏ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ရပ်ရွာလူထုမှ ဆောင်ရွက်နိုင်ရန် အားသစ်လောင်းပေးခြင်း
- ကလေးသူငယ်များ အပါအဝင် စုံလင်ကွဲပြားသော ရပ်ရွာလူထုအဖွဲ့ဝင်များကို အတူတကွ ဖြစ်စေ၍ ကလေးသူငယ်များ၏ ကိုယ်စိတ်ကျန်းမာရှင်သန်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဝေမျှစေခြင်း
- ရပ်ရွာလူထုအတွင်းရှိ ကလေးသူငယ်များ ကြုံတွေ့နေရသည့် ဖိအားအများဆုံးသော ပြဿနာများအတွက် စုပေါင်းဆုံးဖြတ်ချက်များ ချမှတ်ရေးနှင့် ရပ်ရွာလူထု၏ စွမ်းဆောင်ရည်နှင့် ရရှိနိုင်သော အရင်းအမြစ်များကို အခြေခံ၍ ဆီလျော်သည့် ပြုမူဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်ရေးတို့တွင် ရပ်ရွာလူထုအား ကူညီပံ့ပိုးပေးခြင်း
- ကလေးသူငယ်များ၏ စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ရပ်ရွာလူထု၏ အခွင့်အာဏာကို မြှင့်တင်ပေးခြင်းနှင့် ရပ်ရွာအတွင်းရှိ ကလေးသူငယ်များအတွက် ၎င်းတို့အား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသည့် လိုအပ်သော အထောက်အပံ့များနှင့် ဝန်ဆောင်မှုများ ရရှိနိုင်ရန် သေချာစေခြင်း

ဤချဉ်းကပ်ဆောင်ရွက်မှုသည် ရပ်ရွာလူထု၏ ပါဝင်ပိုင်ဆိုင်မှု မြင့်မားလာစေရန် ရည်ရွယ်ပြီး ရပ်ရွာလူထုနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရသည့် ခရီးရှည်တစ်ခုကို ရင်ဆိုင်ရမည်ဖြစ်ပြီး အထူးသဖြင့် ရပ်ရွာလူထုများထံသို့ လက်လှမ်းမီရောက်ရှိရေးနှင့် တသမတ်တည်းဖြစ်သော ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် ထောက်ပံ့မှုများကို စီမံဆောင်ရွက်ပေးနေသည့် မြန်မာနိုင်ငံရှိ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်သူများနှင့် အဖွဲ့အစည်းများတွင် လက်ရှိကြုံတွေ့နေရသည့် စိန်ခေါ်မှုများရှိနေသောကြောင့် ဤလုပ်ငန်းစဉ်ကို ထောက်ကူပြုပေးနိုင်မည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ခိုင်မာသော

[1] https://alliancecpha.org/en/community-level-approaches

အခြေခံအုတ်မြစ်များ လိုအပ်ပါသည်။ ပြဿနာအားလုံးအတွက် ဖြေရှင်းနိုင်သော အဖြေတစ်ခု ဟူ၍မရှိပါ။ ထို့ကြောင့် လူသားချင်းစာနာမှုဆိုင်ရာ ဆောင်ရွက်သူများသည် ကလေးသူငယ်များ၏ အခွင့်အရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်ကျန်းမာရှင်သန်ရေးနှင့် ပါဝင်ဆောင်ရွက်နိုင်ရေးတို့အား မြှင့်တင်ရန်အတွက် ရပ်ရွာလူထု၏ ရှိနေပြီးသော စွမ်းဆောင်ရည်များကို သိရှိနားလည်စေရန် ကြိုးပမ်းရပါမည်။

## အချက်အလက်သတင်းလွှာ၏ ရည်ရွယ်ချက်များ

ဤအချက်အလက်သတင်းလွှာသည် အဖွဲ့အစည်းများနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်သူများအနေဖြင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင် ရပ်ရွာလူထု၏ ပါဝင်ပိုင်ဆိုင်မှု တိုးမြင့်လာစေရန်အတွက် လက်တွေ့အဆင့်ဆင့် ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီပေးရန် ရည်ရွယ်ပါသည်။ ပြောင်းလဲခြင်းဆိုင်ရာ သီအိုရီအသစ်အား အညွှန်းပြု၍ ဤစာတမ်းအား ရေးသားထားပါသည်။[2] ဤစာတမ်းသည် အဖွဲ့အစည်းများနှင့် ဆောင်ရွက်သူများအား ရပ်ရွာလူထုနှင့် ထိတွေ့ဆက်ဆံခြင်း အစပြုဆောင်ရွက်ရာ၌ ၎င်းတို့၏ ကလေးသူငယ်များအား နေ့စဉ်ဘဝ အကာအကွယ်ပေးရာတွင် လုပ်ပိုင်ခွင့်ရနိုင်သည့် လုပ်ငန်းစဉ်အား ထောက်ပံ့ပေးရန် ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များနှင့် ပဋိပက္ခများကဲ့သို့သော အမျိုးမျိုးသော အခြေအနေများ ကြုံတွေ့ရာတွင် ရပ်ရွာလူထုအနေဖြင့် ဦးဆောင်ဦးရွက်ပြု၍ ကနဦး ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလေ့ ရှိပါသည်။ ၎င်းတို့တွင် ရနိုင်သမျှ အရင်းအမြစ်များ၊ ကွန်ရက်များနှင့် စွမ်းဆောင်ရည်တို့ကို အသုံးပြု၍ ပံ့ပိုးဆောင်ရွက်ပေးပါသည်။
ရပ်ရွာလူထု၏ ပြင်ပလူတစ်ဦးအနေဖြင့် CLCP တွင် ပါဝင်သည့် ကျွန်ုပ်တို့၏ အခန်းကဏ္ဍမှာ ယုံကြည်မှုတည်ဆောက်ခြင်း၊ ရပ်ရွာလူထု၏ အလေ့အထများအကြောင်း အရေးကြီးသည့် မေးခွန်းများ မေးမြန်းခြင်းအားဖြင့် ၎င်းတို့ကိုယ်တိုင် ပြန်လည်သုံးသပ်ခြင်း ပြုရန် တိုက်တွန်းခြင်းတို့အား ပံ့ပိုးကူညီပေးရန်နှင့် ရပ်ရွာလူထု ကွန်ယက်ပြင်ပရှိ သက်ဆိုင်ရာအရင်းအမြစ်များကို ချိတ်ဆက်ပေးရန်နှင့် အဆိုပါ အရင်းအမြစ်များကို မည်ကဲ့သို့ ရရှိအသုံးပြုနိုင်သည်နှင့် စပ်လျဉ်း၍ လမ်းညွှန်မှုပေးရန်ဖြစ်သည်။

***<u>ဦးတည်အဖွဲ့များ</u>***. - ဤစာတမ်းမှ ဦးတည်သော အဖွဲ့များမှာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်သူများ၊ ရပ်ရွာအဆင့်တွင် လုပ်ငန်းဆောင်ရွက်နေသူများ သို့မဟုတ် မြန်မာနိုင်ငံရှိ CLCP အဆိုပြုလွှာများ ပြင်ဆင်ရေးဆွဲရာတွင် ပါဝင်ခဲ့သည့် ဝန်ထမ်းများအတွက် ဖြစ်ပါသည်။

***<u>အဓိကနိယာမများ</u>*** - အောက်ဖော်ပြပါ နိယာမများနှင့် အလေ့အထများအား CLCP အစီအစဉ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရန် လိုပါသည်။

- လုပ်ငန်းများအား သိုိသိပ်စွာဆောင်ရွက်ခြင်း
- ပထမဦးစွာ ယုံကြည်မှု၊ လေးစားမှုနှင့် ဆက်ဆံရေး တည်ဆောက်ခြင်း
- တက်ကြွ၍ ဝေဖန်မှုကင်းသော ပုံစံဖြင့် နားထောင်ပေးခြင်း
- တည်ရှိနေသော ရပ်ရွာလူထု၏ အရင်းအမြစ်များနှင့် ဆောင်ရွက်နိုင်သည့် စွမ်းအားများအား တိုးတက်စေရန် တည်ဆောက်ခြင်း

---

[2] Theory of Change for Community-level Child Protection Programming in Humanitarian Action | Alliance CHPA (alliancecpha.org)

- အကြောင်းရင်းခံနှင့် ရပ်ရွာလူထု၏ လုပ်ပိုင်ခွင့်အာဏာ အပြောင်းအရွှေ့အား စဉ်ဆက်မပြတ် အပြည့်အဝလေ့လာခြင်း
- ယောကျ်ားလေးများ၊ မိန်းကလေးများ၊ အမျိုးသမီးများ၊ အမျိုးသားများနှင့် လူနည်းစုအဖွဲ့များမှ အဖွဲ့ဝင်များထံမှ ကွဲပြားစုံလင်သော ထင်မြင်ယူဆချက်များ အပါအဝင် လုပ်ငန်းဆောင်ရွက်မှု အဆင့်တိုင်းတွင် အားလုံးပါဝင်သည့် ရပ်ရွာအချေပြု လုပ်ငန်းဆောင်ရွက်မှု လမ်းစဉ်တစ်ခု ဖြစ်စေရန် တိုက်တွန်းခြင်း
- လုပ်ငန်းဆောင်ရွက်မှု အားလုံးတွင် ဂျဲန်ဒါတန်းတူညီမျှခြင်းနှင့် လူမှုရေးအရ ပါဝင်နိုင်ရေး ချဉ်းကပ်မှုပုံစံများဖြင့် ပေါင်းစပ်မြှင့်တင် ဆောင်ရွက်ခြင်း
- အေဂျင်စီများနှင့် လုပ်ငန်းဆောင်ရွက်မှုများ ပူပေါင်းဆောင်ရွက်မှုအား သေချာစေခြင်း - အဓိကဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ရပ်ရွာလူထုအား ထောက်ပံ့ပေးခြင်း
- စိတ်ရှည်၍ ပြောင်းလွယ်ပြင်လွယ်ရှိပြီး အပြန်အလှန် စကားပြောဆိုမှု အခြေခံသော ချဉ်းကပ်ဆောင်ရွက်မှုပုံစံအား ကျင့်သုံးခြင်း
- ရပ်ရွာလူထုအား နေရာချထား အသုံးပြုခြင်း၊ အားလုံးပါဝင်သော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် ထိရောက်မှုရှိသော လုပ်ငန်းဆောင်ရွက်မှုများအတွက် ရပ်ရွာလူထု၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း
- ရပ်ရွာအခြေပြု လုပ်ငန်းဆောင်ရွက်ရာတွင် ကလေးသူငယ်များကို အဓိက ပါဝင်ဆောင်ရွက်သူများ ဖြစ်စေခြင်း
- ကလေးသူငယ်အခွင့်အရေးကို လမ်းညွှန်တစ်ခုအဖြစ် အသုံးပြု၍ ရပ်ရွာလူထုအတွင်း လူမှုရေးအပြောင်းအလဲ ဖြစ်စေရန် ပံ့ပိုးပေးခြင်း
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သမားရိုးကျ တုံ့ပြန်ဆောင်ရွက်ခြင်း ချဉ်းကပ်ဆောင်ရွက်မှု ပုံစံများမှ ကွဲထွက်ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်ထားခြင်း

## ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတွင် ရပ်ရွာလူထု ပိုမိုပါဝင်ပိုင်ဆိုင်မှု ရှိလာစေရန်အတွက် အဓိက ဆောင်ရွက်ရန်အဆင့်များ

ရပ်ရွာလူထုနှင့် ဆက်ဆံရေးသည် ရိုးရှင်း၍ အစဉ်အတိုင်း ဖြစ်ပွားသော လုပ်ငန်းစဉ်တစ်ခု မဟုတ်သည်ကို မှတ်သားထားရမည်။ အောက်ဖော်ပြ ဆောင်ရွက်ရန် အဆင့်များသည် ရည်ညွှန်း အဖြစ်အသုံးပြုရန်သာဖြစ်ပြီး စီစဉ်ထားသည့်အတိုင်း ဖြစ်ပွားခြင်း မရှိပါက သင့်အနေဖြင့် အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြန်လည် ထိန်းညှိဆောင်ရွက်ရန် လိုပါလိမ့်မည်။ အချို့သော ဖြစ်စဉ်များသည် စဉ်ဆက်မပြတ် ဖြစ်ပွားနိုင်ခြင်း သို့မဟုတ် သင့်အနေဖြင့် လုပ်ငန်းဆောင်ရွက်မှု နောက်တဆင့် မဆောင်ရွက်မီ ဆောင်ရွက်ခဲ့သော အဆင့်ကို ပြန်လည် ဆောင်ရွက်ရန် လိုအပ်ခြင်းတို့ ဖြစ်နိုင်ပါသည်။

ရပ်ရွာလူထုထံမှ ပြောကြားချက်များကို ဂရုတစိုက် နားထောင်ခြင်းနှင့် သင်၏ ချဉ်းကပ်ဆောင်ရွက်မှုပုံစံများအား ပြန်လည်သုံးသပ်ခြင်းတို့သည် ထိရောက်မှုရှိသော လူထုဆက်ဆံရေး၏ အဓိကသော့ချက် ဖြစ်သည်။

| ဆောင်ရွက်ရန်အဆင့် | အဓိက ထည့်သွင်းစဉ်းစားမှုများ |
|---|---|
| အဆင့် ၁ | |

| | |
|---|---|
| ရပ်ရွာလူထုနှင့် ထိတွေ့ဆက်ဆံ၍ ယုံကြည်မှုတည်ဆောက်ခြင်း | ရပ်ရွာလူထုအား နားလည်မှုရှိရန် ဦးစားပေးဆောင်ရွက်ခြင်း အားဖြင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်သူများအတွက် ရှိပြီးဖြစ်သော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလေ့အထများနှင့် ဖြစ်လာနိုင်ချေရှိသော ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ထုတ်တွေ့ရှိနိုင်သည်။ ဤချဉ်းကပ်မှုပုံစံသည် အဖွဲ့အစည်းနှင့် ဖွဲ့စည်းမှုပုံစံအသစ်များ ဖန်တီးခြင်းတို့ အစား ရပ်ရွာလူထု၏ စွမ်းဆောင်နိုင်မှုကို တိုးမြှင့်တည်ဆောက်ပေးခြင်းကို ပိုမိုဦးတည်ထားပါသည်။<br><br>• ဤစစ်တမ်းသည် တစ်ကြိမ်တည်းဖြင့် လုံလောက်သော စစ်တမ်းတစ်ခု မဟုတ်ပါ။ ရပ်ရွာလူထုထံမှ ယုံကြည်မှုနှင့် နားလည်မှု ရရှိရန်အတွက် အပြန်အလှန် ပြောဆိုဆက်ဆံခြင်းမှာ ဆက်လက်ဆောင်ရွက်နေရမည် ဖြစ်သည်။<br>• ကြိုတင်ယူဆထားသော ကောက်ချက်များဖြင့် ရပ်ရွာလူထုထဲသို့ ဝင်ရောက်ခြင်း မပြုရပါ။<br>• ကြိုတင် ပြဋ္ဌာန်းသတ်မှတ်ထားသော စီမံကိန်း ရည်ရွယ်ချက်များနှင့် အချိန်ကာလ သတ်မှတ်ချက်များဖြင့် ရပ်ရွာလူထုထဲသို့ ဝင်ရောက်ခြင်းကို ရှောင်ကျဉ်ရပါမည်။ (ဤသို့ လုပ်ငန်းဆောင်ရွက်မှုများသည် စီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း သက်သက်သာ မဟုတ်ပါ။)<br>အေဂျင်စီများသည် ရပ်ရွာလူထုနှင့် ဆက်ဆံဆောင်ရွက်ရာတွင် အဖြေရှာပေးရန် သို့မဟုတ် ဝန်ဆောင်မှုများ ပေးရန်မဟုတ်ပါ။ လုပ်ငန်းဆောင်ရွက်မှု အဆင့်များနှင့် အပြန်အလှန်ပြောဆိုမှုများကို ထောက်ပံ့ပေးရန် ဖြစ်ပါသည်။<br>အောက်ဖော်ပြပါ မေးခွန်းများအား ယောကျာ်းလေးများ၊ မိန်းကလေးများ၊ အမျိုးသမီးများ၊ အမျိုးသားများနှင့် အဖိနှိပ်ခံ အဖွဲ့များအား မေးမြန်းခြင်းအားဖြင့် နေအိမ်နှင့် ရပ်ရွာအတွင်းရှိ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ တည်ရှိပြီးအလေ့အထများကို ရှာဖွေဖော်ထုတ်နိုင်သည်။<br><br>- သင်၏ အကြောင်းအရာ ဖော်ပြမှုတွင် “ကလေးသူငယ်” ကို မည်ကဲ့သို့ ဖွင့်ဆိုမည်နည်း။<br>- သင်၏ အကြောင်းအရာ ဖော်ပြမှုတွင် ယောကျာ်းလေးများနှင့် မိန်းကလေးများကို မည်ကဲ့သို့သော ပုံမှန်အခန်းကဏ္ဍများတွင် ပါဝင်စေမည်နည်း။<br>- ၎င်းတို့၏ အသက်အရွယ်၊ ဂျန်ဒါတို့နှင့် စပ်လျဉ်း၍ ကလေးသူငယ်များအတွက် မည်သည့် စိုးရိမ်မှုများ ရှိနေသနည်း။<br>- ရပ်ရွာလူထုတွင် ကလေးသူငယ်များသည် မည်ကဲ့သို့ ပါဝင်ကူညီနိုင်သနည်း။<br>- သင်၏ ရပ်ရွာလူထုရှိ ကလေးသူငယ်များနေဖြင့် အများဆုံးတူညီစွာ ကြုံတွေ့နေရသည့် ထိခိုက်မှုများ သို့မဟုတ် အန္တရာယ်ရှိနိုင်ခြေများနှင့် စိုးရိမ်မှုများမှာ မည်သည်တို့ ဖြစ်သနည်း။ ကြုံတွေ့နေရသည့် ဦးစားပေး ထိခိုက်မှုများ သို့မဟုတ် အန္တရာယ်ရှိနိုင်ချေများအနက်မှ ထိပ်ဆုံး ၃ ခု ( သို့မဟုတ် ၅ ခု) ကို ဖော်ပြပါ၊ (မတူညီသော အသက်အရွယ်အပိုင်းအခြားနှင့် ဂျန်ဒါရှိသည့် အဖွဲ့များကို မေးမြန်းပါ)။ |

DRAFT

| | |
|---|---|
| | - ရပ်ရွာလူထုအနေဖြင့် မည်သည့် လုပ်ငန်းဆောင်ရွက်မှုများ သို့မဟုတ် တုံ့ပြန်ဆောင်ရွက်မှုများကို ဆောင်ရွက်ပြီးဖြစ်သနည်း။<br>- ၄င်းတို့ ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုယ်စိတ်ကျန်းမာ ရှင်သန်မှုတို့ကို ထောက်ပံ့ပေးရန်အတွက် မိဘများ/ပြုစုစောင့်ရှောက်သူများသည် မည်သည်တို့ကို ပုံမှန်အားဖြင့် ဆောင်ရွက်လေ့ရှိသနည်း။ (အထူးသဖြင့် အသက်အရွယ်အားဖြင့် ပိုမိုငယ်ရွယ်သော အဖွဲ့များအတွက် - ကောင်းကျိုးဆောင်သည့် ကလေးသူငယ် ဖွံ့ဖြိုးရေးနှင့် ဆက်နွယ်သည့် ကာကွယ်စောင့်ရှောက်ရေး အချက်အလက်များအား နားလည်စေရန်)<br>- လိုအပ်ပါက ရပ်ရွာလူထုနှင့် ကလေးသူငယ်များသည် ထောက်ပံမှု သို့မဟုတ် အကူအညီ ရနိုင်ရန်အတွက် မည်သူ့ထံမှ/မည်သည့်နေရာတို့မှ ရရှိနိုင်သနည်း။<br>- လိုအပ်မှုရှိနေသော ကလေးသူငယ်များအတွက် ရပ်ရွာလူထုတွင် မည်ကဲ့သို့သော အရင်းအမြစ်များနှင့် ထောက်ပံ့မှုစနစ်စများ ရှိနေသနည်း။<br><br>ဖော်ပြပါ အခန်းကဏ္ဍများကို သင်၏ ရပ်ရွာလူထုထဲမှ မည်သူက တာဝန်ယူ ဆောင်ရွက်လေ့ရှိသနည်း။ (ဆွေးနွေးအတိုင်ပင်ခံပေးခြင်း၊ ခွဲထားခြင်းခံရသော ကလေးသူငယ်များကို ကြည့်ရှုစောင့်ရှောက်ခြင်း၊ နေအိမ်တွင် အကြမ်းဖက်မှု ဖြစ်ပွားပါက ကြားဝင်ဆောင်ရွက်ခြင်း၊ အစရှိသဖြင့်)<br><br>- ရပ်ရွာလူထုထဲတွင် ဆုံးဖြတ်ချက်များကို ပုံမှန်အားဖြင့် မည်ကဲ့သို့ ချမှတ်လေ့ရှိသနည်း။ |
| အဆင့် ၂ (က)<br>ဖြစ်ပေါ်နေသော လမ်းကြောင်းများနှင့် တွေ့ရှိချက်များအား ပေါင်းစည်းခိုင်မာစေပြီး သုံးသပ်လေ့လာ၍ သတင်းအချက်အလက်များကို ရပ်ရွာလူထုနှင့် အတည်ပြုပါ | ရပ်ရွာလူထုအတွင်းရှိ မတူခြားနားသော အဖွဲ့များတွင် ဖြစ်ပေါ်နေသည့် လမ်းကြောင်းများ၊ တည်ရှိပြီး ဖြစ်သည့် အလေ့အထများနှင့် ဦးစားပေး သတ်မှတ်ချက်များအား ဖော်ထုတ်ရန်အတွက် ရပ်ရွာလူထုထံမှ စုဆောင်းရရှိသော သတင်းအချက်အလက်များကို စုဆောင်းပါ။<br><br>တွေ့ရှိချက်များအား ကလေးသူငယ်များနှင့် ခုခံနိုင်စွမ်း လျော့နည်းသော အဖွဲ့များအပါအဝင် ရပ်ရွာလူထုထံမှ အတည်ပြုချက် ရယူပါ။<br><br>ရပ်ရွာလူထုနှင့် ဆွေးနွေးမှုများနှင့် ဆက်လက် ဆောင်ရွက်မည့် အပြန်အလှန်ပြောဆိုမှုများအား လမ်းညွှန်နိုင်ရန်အတွက် သတင်းအချက်အလက်များကို အသုံးပြုပါ။ အဆိုပြုချက်များ/စီမံချက်များအား ပုံဖော်ဆောင်ရွက်မှုများ အားလုံးတို့သည် အဆိုပါ ရပ်ရွာလူထုနှင့် ပြောဆိုဆက်ဆံမှုများအပေါ်တွင် မူတည်ရမည် ဖြစ်ပြီး လိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက်နေစဉ်တွင် ပြန်လည်ထိန်းညှိရမည်။ |
| အဆင့် ၂ (ခ)<br>သင်၏ ချဉ်းကပ်ဆောင်ရွက်မှုပုံစံအား ရပ်ရွာလူထုနှင့် အခြားသော | ရပ်ရွာလူထုအတွင်း မှီခိုမှုမြင့်မားနေခြင်း သို့မဟုတ် အခြား အေဂျင်စီများသည် အထက်မှအောက်သို့ ချဉ်းကပ်ဆောင်ရွက်မှုပုံစံဖြင့် ဆောင်ရွက်နေခြင်းတို့ ရှိပါက သင်၏ ချဉ်းကပ်ဆောင်ရွက်မှုပုံစံအား ရပ်ရွာလူထု အပါအဝင် အဆိုပါဒေသတွင် |

DRAFT

| | |
|---|---|
| ဝန်ဆောင်မှုပေးသူများနှင့် ဆက်သွယ်အကြောင်းကြားပါ | လုပ်ငန်းဆောင်ရွက်နေသည့် အခြားသော အေဂျင်စီများထံသို့ ဆက်လက်အသိပေးဆက်သွယ်မှုပြုရန် အရေးကြီးပါသည်။<br><br>ရပ်ရွာလူထုမှ သင်၏ ချဉ်းကပ်ဆောင်ရွက်မှု ပုံစံသည် သမားရိုးကျ CBCPC နှင့်ကွဲပြားခြားနားမှု ရှိသည်ကို မမြင်နိုင်ခြင်း သို့မဟုတ် နားလည်နိုင်ခြင်း မရှိပါက ရပ်ရွာလူထုအတွက် ပါဝင်ပိုင်ဆိုင်မှုရှိစေရန် ဖန်တီးရာတွင် ခက်ခဲနိုင်ပါသည်။ |
| အဆင့် ၃<br>ထိခိုက်မှု သို့မဟုတ် ဖြစ်လာနိုင်သည့် အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် ရပ်ရွာလူထု၏ ဆောင်ရွက်ချက်များကို ထောက်ကူပေးပါ | စုပေါင်း ဆောင်ရွက်မှုများကို အာရုံစိုက်စေရန်အတွက် ရပ်ရွာလူထုအား ဆွဲဆောင်ရန် ထပ်လောင်းမေးခွန်းများ မေးမြန်းပါ၊ သို့ရာတွင် လုပ်ငန်းစဉ် ပြီးမြောက်စေရန် အလျင်စလို ဆောင်ရွက်ခြင်း မပြုရပါ။ လက်ရှိ စီမံကိန်းတွင် သင့်လျော်သည့် လုပ်ငန်းဆောင်ရွက်မှုများ ထည့်သွင်းရန် မဖြစ်နိုင်ပါက အနာဂတ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများ သို့မဟုတ် အဆိုပြုချက်များတွင် အဆိုပါ ယူဆချက်များကို ထည့်သွင်းပါ။<br><br>ရပ်ရွာလူထုအနေဖြင့် ၎င်းတို့၏ ဆောင်ရွက်နိုင်စွမ်းနှင့် အရင်းအမြစ်များကို ပဏာမအားဖြင့် သိမြင်နိုင်ခြင်း မရှိမှု သို့မဟုတ် ခေါင်းမာနေမှုတို့ ဖြစ်ပွားနေပါက အောက်ဖော်ပြပါ မေးခွန်းများကို တိုက်ရိုက်မေးမြန်းရန် မလိုအပ်နိုင်ပါ။ အဆိုပါ ဖြစ်ရပ်နယ်ပယ်များကို လေ့လာခြင်း၊ နှစ်ဦးနှစ်ဖက် ဆွေးနွေးခြင်း၊ ဆောင်ရွက်နေသော လုပ်ငန်းများ သို့မဟုတ် ထိတွေ့ဆက်ဆံမှုများမှတဆင့် ရှာဖွေလေ့လာခြင်းပြုပါ။ ရပ်ရွာလူထုအား နားလည်နိုင်ရန် ဆောင်ရွက်နိုင်သည့် နည်းလမ်းများစွာ ရှိပါသည်။<br>- နေအိမ်နှင့် ရပ်ရွာအတွင်းရှိ အဆိုပါ ပြဿနာများအား ကိုင်တွယ်ဖြေရှင်းရာတွင် မိဘများနှင့် ရပ်ရွာလူထုအနေဖြင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်မည်နည်း။<br>- အဆိုပါ ပြဿနာများကို ဦးဆောင်ဦးရွက်ပြု ကိုင်တွယ်ဖြေရှင်းလိုသည့် မိဘများနှင့် ရပ်ရွာလူထုအတွက် မည်ကဲ့သို့သော အရင်းအမြစ်များနှင့် ထောက်ပံ့မှုများ ရရှိနိုင်သနည်း။ |
| အဆင့် ၄<br>ရပ်ရွာလူထုအတွင်းရှိ ကလေးသူငယ်များ ရင်နိုင်ကြုံတွေ့နိုင်သည့် အန္တရာယ်များကို ကာကွယ်ရန်၊ ဖယ်ရှားရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန်တို့အတွက် လူထုမှဆောင်ရွက်သည့် လုပ်ငန်းများကို ထောက်ပံ့ကူညီပေးပါ | ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအတွက် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်ရာတွင် ရပ်ရွာလူထုနှင့် အတူတကွ ဆောင်ရွက်ပါ၊ မည်သည့် ထောက်ပံ့မှုများ လိုအပ်သည်ကို ရှာဖွေသတ်မှတ်ပါ၊ ရပ်ရွာလူထုအတွင်းရှိ ရရှိနိုင်သော အရင်းအမြစ်များကို ထည့်သွင်းစဉ်းစား၍ အခြားသော လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများနှင့် ချိတ်ဆက်မှုအား မြှင့်တင်ဆောင်ရွက်ပါ။<br><br>အေဂျင်စီများသည် ပြဿနာများအားလုံးအတွက် အဖြေမပေးနိုင်ကြောင်းကို မှတ်သားထားပါ။ ရပ်ရွာလူထုသည် အဓိကပြဿနာများ/ပြဿနာဖြစ်ပွားစေသည့် အခြေခံအကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဖြစ်နိုင်ခြေရှိသော ဆောင်ရွက်မှုများကို ဖော်ထုတ်ရန် ရုန်းကန်ကြိုးစားနေရပါက သေးငယ်သည့် ပြဿနာများမှစတင် ကိုင်တွယ်ပြီး |

DRAFT

| | |
|---|---|
| | ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကြောင်းအချက်များကို အားကောင်း ခိုင်မာစေရန် ဆောင်ရွက်ပါ။ |
| အဆင့် ၅<br>စီမံကိန်းကို ပြန်လည်သုံးသပ် ချိန်ညှိပြင်ဆင်ပါ | လုပ်ငန်းဆောင်ရွက်နေသည့် ကာလတလျှောက်တွင် ရပ်ရွာလူထုနှင့်အတူတကွ သင်ယူလေ့လာ ပြန်လည်သုံးသပ်ခြင်းကို ပေါင်းစပ်မြှင့်တင် ဆောင်ရွက်ရမည်။ စီမံထားသော အလုပ်ရုံဆွေးနွေးပွဲများ၊ ပုံမှန်အစည်းအဝေးများ သို့မဟုတ် လိုအပ်ကြောင့် ရုတ်တရက် ပြုလုပ်ရသော ရပ်ရွာလူထုနှင့် ဆွေးနွေးမှုများ (အသေးစိတ်အချက်အလက်များအတွက် အောက်တွင် ဆက်လက် ကြည့်ရှုပါ) ပြုလုပ်ခြင်းအားဖြင့် သင်ယူလေ့လာ ပြန်လည်သုံးသပ်နိုင်သည်။ |

## ရပ်ရွာလူထုမှ ပါဝင်ပိုင်ဆိုင်မှု ပိုမိုတိုးမြင့်လာရေးကို မြှင့်တင်ပေးရန်အတွက် အဓိကချဉ်းကပ်ဆောင်ရွက်မှုပုံစံများမှာ အဘယ်နည်း။ [3]

| | |
|---|---|
| CP အဖွဲ့များနှင့် ဝန်ထမ်းများအနေဖြင့် မိမိကိုကိုယ် ပြန်လည်သုံးသပ်ခြင်း | အောက်ဖော်ပြပါတို့ကို ပြန်လည်သုံးသပ်ပါ - (၁) မိမိဆောင်ရွက်နေသည့် စီမံဆောင်ရွက်မှုသည် ရပ်ရွာလူထုမှ ပါဝင်ပိုင်ဆိုင်ပါသလား သို့မဟုတ် မိမိ၏ အဖွဲ့အစည်းမှ ပါဝင်ပိုင်ဆိုင်ပါသလား။ မိမိကျင့်သုံးဆောင်ရွက်နေသည့် ချဉ်းကပ်မှုပုံစံများသည် ကလေးသူငယ်များအတွက် ကာကွယ်မှုရှိသည့် ဝန်းကျင်တစ်ခုကို ဖြစ်စေပြီး အားကောင်းစေပပါသလား။ ရပ်ရွာလူထုအကြောင်းကို သင်ယူလေ့လာပါသလား သို့မဟုတ် ကြိုတင် စီစဉ်ရေးဆွဲထားသည့် လုပ်ငန်းဆောင်ရွက်မှုများကိုသာ လာရောက်ဆောင်ရွက်ပါသလား။ ရပ်ရွာလူထု၏ ပြောဆိုမှုများကို ဂရုစိုက် အာရုံထား နားထောင်ပါသလား။ မည်သည့် ယုံကြည်သက်ဝင်မှုမျာ၊ စံနှုန်းတန်ဖိုးများ၊ ရှုထောင့်အမြင်များ၊ အယူအစွဲများ၊ နားလည်မှု အကြောင်းရင်းခံများ အစရှိသည့်တို့အနက်မှ မည်သည်တို့ကို ရပ်ရွာလူထုနှင့် ဆက်ဆံရေးတွင် ထည့်သွင်းအသုံးပြု ဆောင်ရွက်သနည်း။ ရပ်ရွာလူထုနှင့် မိမိ၏ ဆက်ဆံရေးတွင် နှိမ့်ချဆက်ဆံမှုနှင့် လေးစားမှုတို့ကို မည်သည့်အတိုင်းအတာအထိ တန်ဖိုးထား ကျင့်သုံးသနည်း။ အစရှိသည်ဖြင့်။ မိမိကိုကိုယ် ပြန်လည်သုံးသပ်ခြင်းဆိုသည်မှာ စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ |
| သင်ယူလေ့လာခြင်းအဆင့် | ရပ်ရွာလူထုအကြောင်းကို လေ့လာသင်ယူပါ။ ရပ်ရွာလူထုနှင့် အတူတကွ လေ့လာသင်ယူပါ။ ရပ်ရွာလူထုအား ပြန်လည်အလုပ်အကျွေးပြုပါ။ ဤသို့ဆောင်ရွက်ခြင်းသည် ရပ်ရွာအဆင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်များကို သတ်မှတ်ပေးသည်။ ကျွန်ုပ်တို့သည် ရပ်ရွာလူထုထံသို့ သွားရောက်၍ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များကို လေ့ကျင့်သင်ကြားပေးရန် မဟုတ်ပါ။ အပြန်အလှန် လေ့လာသင်ယူရန် ဖြစ်ပါသည်။ လေ့လာသင်ယူခြင်းဆိုသည်မှာ စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ |
| ရပ်ရွာလူထုမှ စီမံကိန်းရေးဆွဲခြင်း | ကလေးသူငယ်များအတွက် ရှိနေသည့် ထိခိုက်မှုများနှင့် မည်သည်တို့ကို ကိုင်တွယ်ဖြေရှင်းနိုင်သည်ကို ရပ်ရွာလူထုမှ ဖော်ထုတ်ဦးစားပေးဆောင်ရွက်ရန် သတ်မှတ်ခြင်း။ ရပ်ရွာလူထုထံမှ အဖြေများကို ဖော်ထုတ်သတ်မှတ်ခြင်း။ ရပ်ရွာလူထုအနေဖြင့် အတူတကွ ပေါင်းစုပြီး အားလုံးပါဝင်နိုင်သည့် အပြန်အလှန်ဆွေးနွေး ပြောဆိုမှုများ ဆောင်ရွက်နိုင်ရန်အတွက် CP အဖွဲ့များမှ ထောက်ကူပြုပေးခြင်း။ |

[3] Community_Level Approaches to Child Protection – Plan International Myanmar

DRAFT

| | |
|---|---|
| | လိုအပ်ပါက ရပ်ရွာလူထုအနေဖြင့် အသိပညာပိုင်းဆိုင်ရာနှင့် စွမ်းရည်ပိုင်းဆိုင်ရာ ကွာဟချက်များကို သတ်မှတ်ဖော်ထုတ်ရာတွင် CP အဖွဲ့များမှ ထောက်ပံ့ပေးခြင်း။ |
| ရပ်ရွာလူထုမှ လုပ်ငန်းဆောင်ရွက်ခြင်း | တောင်းဆိုမှုများ ရှိလာပါက ရပ်ရွာလူထုသည် အေဂျင်စီ၏ ထောက်ပံ့မှုဖြင့် ကလေးသူငယ်များအတွက် ထိခိုက်မှုများ ကိုင်တွယ်ဖြေရှင်းရန် ဆောင်ရွက်ပါသည်။ ရပ်ရွာလူထုအနေဖြင့် ၎င်းတို့ စီမံထားသည့် လုပ်ငန်းဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် ရပ်ရွာအဖွဲ့များ၊ ကွန်ယက်များ၊ ခေါင်းဆောင်များကို CP အဖွဲ့များမှ ထောက်ကူပေးပါသည်။ |
| ရပ်ရွာလူထုဆိုင်ရာ ကြီးကြပ်အကဲဖြတ်ခြင်း သို့မဟုတ် (ရပ်ရွာလူထု ပြန်လည်သုံးသပ်ခြင်းနှင့် လေ့လာသင်ယူခြင်း) | ရပ်ရွာလူထုသည် ၎င်းတို့ ဆုံးဖြတ်ခဲ့သည့် နည်းလမ်းအရ ရပ်ရွာလူထု လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်အကဲဖြတ်ကြပါသည်။ CP အဖွဲ့များသည်လည်း တူညီသော လုပ်ငန်းဆောင်ရွက်မှုပြု၍ ရပ်ရွာလူထုကို ပြန်လည်အကြံပြုမည် ဖြစ်သည်။ CP အဖွဲ့များသည် ရပ်ရွာလူထုအား ရိုးရှင်းလွယ်ကူသော အကဲဖြတ်ညွှန်းကိန်းများ သတ်မှတ်ရန်နှင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ကြီးကြပ်လေ့လာရန်အတွက် ထောက်ပံ့ပေးမည်ဖြစ်သည်။ |

**နောက်ဆက်တွဲ ၁ - မြန်မာနိုင်ငံရှိ ဝင်ရောက်ဆောင်ရွက်နိုင်မှုဆိုင်ရာ အတားအဆီးများအကြားမှ ရပ်ရွာအဆင့် လုပ်ငန်းချဉ်းကပ်ဆောင်ရွက်မှု**

ယာယီဝင်ရောက်ဆောင်ရွက်ခွင့်သာ ရရှိပါက ၎င်းတို့၏ CLCP ဆောင်ရွက်မှုနည်းစနစ်များကို မည်ကဲ့သို့ထောက်ပံ့ပေးနိုင်သည်ကို သိရှိရန် ရပ်ရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်ပါ။ ဝင်ရောက်ဆောင်ရွက်နိုင်ခွင့် တိုးတက်လာပါက အေဂျင်စီများသည် အထက်ဖော်ပြပါ လုပ်ငန်းအဆင့်များကို ဖော်ဆောင်၍ ရပ်ရွာလူထုနှင့် ဆက်ဆံရေးနားလည်မှု တည်ဆောက်ရပါမည်။

CLCP ၏ လုပ်ငန်းတာဝန်မှာ ရပ်ရွာလူထုနှင့် ယုံကြည်မှုတည်ဆောက်ရန်ဖြစ်သည်။ သို့မှသာ ရပ်ရွာလူထုအနေဖြင့် ၎င်းတို့၏ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်မှုများကို ပြုလုပ်ရန် စိတ်အားထက်သန်လာမည် ဖြစ်သည်။ ကျွန်ုပ်တို့၏ လုပ်ငန်းများ သို့မဟုတ် စီမံကိန်းဆောင်ရွက်မှုများ ဆောင်ရွက်ရန်အတွက် ရပ်ရွာလူထုကို "အသုံးပြုခြင်း" **မပြုလုပ်ရပါ**။ ရပ်ရွာလူထုတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအတွက် ၎င်းတို့ကိုယ်ပိုင် နည်းလမ်းများ ရှိကြပြီး ကျွန်ုပ်တို့မှ ထောက်ကူပေးရန်သာ ဖြစ်ပါသည်။

ပဋိပက္ခများနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများ ဖြစ်ပေါ်လာပါက အောက်ဖော်ပြပါတို့ကို ထည့်သွင်းစဉ်းစားနိုင်သည်။

- ကလေးသူငယ်များသည် မိသားစုနှင့် ခွဲထားခံရပါက ၎င်းတို့အား ကြည့်ရှုစောင့်ရှောက်ရန် ရပ်ရွာလူထုထဲတွင် သင်သိရှိပြီး ယုံကြည်စိတ်ချရသူ တစ်စုံတစ်ယောက်ရှိပါသလား။ (အဆိုပါ လူပုဂ္ဂိုလ်ကို ပဋိပက္ခမဖြစ်ပွားမီ သို့မဟုတ် သင့်အနေဖြင့် ရပ်ရွာလူထုထံသို့ လက်လှမ်းမီမှု ရှိနေသေးချိန်တွင် ကြိုတင်သတ်မှတ်ထားရန် ကြိုးစားပါ)

အဆိုပါ လူပုဂ္ဂိုလ် သတ်မှတ်ထားပြီး ရှိခဲ့ပါက၊ မည်သူဖြစ်သည်ကို ကလေးသူငယ်များနှင့် ပြုစုစောင့်ရှောက်သူများမှ သိရှိထားပြီး ဖြစ်ပါသလား။ မည်ကဲ့သို့သော ကိစ္စများ (ပဋိပက္ခ၊ မိုးရာသီ၊ ဆိုင်ကလုန်း) ဖြစ်လာသည် ဖြစ်စေ လူအများ စွန့်ခွာထွက်ပြေးရန် ဖြစ်လာပြီး ကလေးသူငယ်များ မိသားစုနှင့် ကွဲကွာသွားပါက အဆိုပါ ပျောက်ဆုံးကလေးသူငယ်များကို ယာယီအားဖြင့် ရပ်ရွာလူထုအတွင်းမှ မည်သူက ကြည့်ရှုစောင့်ရှောက်ထားမည်ကို လူတိုင်းသိရှိစေရန် ဆောင်ရွက်ထားပါ။

လူအများ စိတ်ဖိစီးမှုခံစားရချိန်တွင် ရှေးဦးစိတ်ပညာထောက်ကူမှုဖြင့် နှစ်သိမ့်ဆွေးနွေး ဆောင်ရွက်ပေးနိုင်သူတစ်ဦး ရပ်ရွာလူထုထဲတွင် ရှိပါသလား။ မတူညီသည့် လူအချို့မှလည်း ဤကဲ့သို့ ဆောင်ရွက်ပေးနိုင်ပါသည်။ PFA ဆိုင်ရာ စွမ်းရည်မြှင့်တင်မှု လိုအပ်လာပါက ထိုသူများကို မည်ကဲ့သို့ ထောက်ပံ့ပေးနိုင်သနည်း။ ယင်းလူများသည် မည်သူများ ဖြစ်သည်ကို ရပ်ရွာလူထုမှ သိရှိထားပါသလား။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သတင်းမှာကြားချက်များ (မိုးဦးရာသီ၊ ပဋိပက္ခ၊ PSS၊ အရွယ်မတိုင်မီ အိမ်ထောင်ပြုခြင်း ကဲ့သို့သော အစရှိသည်) နှင့်စပ်လျဉ်း၍ အသိပညာပေးဖြန့်ဝေမှုကို ရပ်ရွာလူထုအတွင်းရှိ မည်သူက ဆောင်ရွက်ရန် အသင့်တော်ဆုံးဖြစ်သည်ကို ရှာဖွေထားပါ။ တစ်ဦးထက်ပို၍ ဖြစ်နိုင်ပါသည်။

အကယ်၍ အရေးပေါ်အခြေအနေဖြင့် လူထုထံ လက်လှမ်းမီ မရောက်ရှိနိုင်ပါက CP သတင်းမှာကြားချက်များကို အဆိုပါ လူပုဂ္ဂိုလ်များမှ သိရှိထားပြီး ဖြန့်ဝေပေးနိုင်ရန် ဆောင်ရွက်ပါ။

- ဝင်ရောက်ဆောင်ရွက်နိုင်ရန် အတားအဆီးများ ရှိနေကြောင်းကို ရပ်ရွာလူထုအား ပွင့်လင်းမြင်သာစွာ အသိပေးပါ၊ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ယုံကြည်မှုတည်ဆောက်ရန် ဖြစ်ပြီး ကျွန်ုပ်တို့ဆောင်ရွက်ရမည်ကို ရပ်ရွာလူထုအား ခိုင်းစေရန် မဟုတ်ပါ။ လူထုမှ ပါဝင်ဆောင်ရွက်မှု အဆင့်အား ရှင်းလင်းသေချာမှု ရှိပါစေ၊ မည်သည့် ထောက်ပံ့ပေးမှုမဆို ဆောင်ရွက်ပေးပါက ရပ်ရွာလူထုအား မက်လုံးပေးခြင်းကို ရှောင်ကျဉ်ပါ သို့သော် ၎င်းတို့၏ အချိန်ပေးပါဝင်ဆောင်ရွက်မှုအတွက် သင့်မျှော်လင့်ထားသည်များကို စီမံဆောင်ရွက်ပါ။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများကို ဖော်ထုတ်သတ်မှတ်နိုင်ရန်နှင့် ပဋိပက္ခ သို့မဟုတ် ဝင်ရောက်နိုင်မှု အတားအဆီးများ မဖြစ်ပွားမီ ရပ်ရွာလူထုအတွင်းရှိ မည်သူက မည်သို့ ဆောင်ရွက်နိုင်သည်တို့ကို သိရှိနိုင်ရန် ရပ်ရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်ပါ။

ရပ်ရွာလူထုမှ စိတ်ပါဝင်စားမှုရှိပါက လုပ်ငန်းဆောင်ရွက်မှုစီမံကိန်း ရေးဆွဲရာတွင် ထောက်ပံ့ပေးနိုင်သည်။ (စီမံကိန်းပုံစံ ရရှိနိုင်ပါသည်)

သင့်အနေဖြင့် CLCP ချဉ်းကပ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ထပ်လောင်း ဆွေးနွေးလိုသည်များ ရှိပါက CP AoR ထံသို့ အချိန်မရွေးဆက်သွယ်နိုင်ပါသည်။ [4]

[4] CLCP WG coordinator; Saw Thiha sawthiha.aung@savethechildren.org, CP AoR coordinators; Kyaw Min Oo kyaw.oo7@drc.ngo or Krissie krhayes@unicef.org

**နောက်ဆက်တွဲ ၂ - ဝေါဟာရ အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

| ဝေါဟာရ | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|
| ရပ်ရွာလူထု | ရည်ရွယ်ချက်များကို ဝေမျှပြီး သရုပ်လက္ခဏာစုစည်းမှု ပုံစံတစ်ခုဖြစ်၍ ဘုံတူညီသည့် ယဉ်ကျေးမှု၊ ဘာသာရေး သို့မဟုတ် အခြားသော လူမှုသွင်ပြင်လက္ခဏာများ၊ အကြောင်းရင်းခံများနှင့် အကျိုးစီးပွားများကိုပါ ဝေမျှကျင့်သုံးကြသည်ဟု ပြင်ပလူများမှ သတ်မှတ်ခြင်း သို့မဟုတ် ၎င်းတို့ကိုယ်တိုင် သတ်မှတ်ခံယူထားသော လူအစုအဖွဲ့ |
| ရပ်ရွာလူထုမှ ဆောင်ရွက်သူများ | ရပ်ရွာလူထုမှ ဆောင်ရွက်သူများမှာ - ကလေးသူငယ်များ၊ ပြုစုစောင့်ရှောက်သူများ၊ မိသားစုဝင်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ အိမ်နီးချင်းများ၊ ခေါင်းဆောင်များ အစရှိသည်တို့ အပါအဝင် ရပ်ရွာလူထုအဖွဲ့ဝင်များ ဖြစ်ကြသည်။ |
| ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်သူများ | တိုက်ရိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် *UN* အေဂျင်စီများ၊ *INGO* များ၊ *NGO* များနှင့် ဒေသခံ *CBO/CSO* များ သို့မဟုတ် *CP* စီမံချက်များကို ပံ့ပိုးပေးနေသူများနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှု ဆောင်ရွက်ပေးနေသူများ ပါဝင်ပါသည်။ (တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ) |
| ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ရပ်ရွာအခြေပြု ချဉ်းကပ်မှုပုံစံ | ရပ်ရွာလူထုအတွင်း ကိုယ်တိုင်ကိုယ်ကြ ဝင်ရောက်ဆောင်ရွက်နေသော အစီအမံများကို ဆိုလိုပါသည်၊ သို့သော် ယင်းသို့ ဆောင်ရွက်မှုများတွင် ရပ်ရွာလူထုမှ တက်ကြွစွာ ပါဝင်ခြင်း သို့မဟုတ် ရှိနေပြီးဖြစ်သည့် ဖွဲ့စည်းမှုများနှင့် စွမ်းဆောင်ရည်များကို ထည့်သွင်းဆောင်ရွက်ခြင်းတို့ မလိုအပ်ပါ။ ရပ်ရွာအခြေပြု *CP* စီမံဆောင်ရွက်မှုတွင် *CP* အေဂျင်စီများသည် လုပ်ငန်းဆောင်ရွက်မှုများကို ကမကထပြု ဦးဆောင်၍ ရန်ပုံငွေထောက်ပံ့ပေးကြပြီး ၎င်းတို့၏ စီမံကိန်း/အစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ရပ်ရွာအခြေပြု *CP* အဖွဲ့များ သို့မဟုတ် ကော်မတီများ ဖွဲ့စည်းကြပြီး ရပ်ရွာအခြေပြု *CP* ဆောင်ရွက်မှုနည်းစနစ်များ ကိုပံ့ဖော်ဆောင်ရွက်ကြသည်။ |

| | |
|---|---|
| ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ရပ်ရွာလူထုအဆင့် ချဉ်းကပ်ဆောင်ရွက်မှုပုံစံ | CP ဆိုင်ရာ အန္တရာယ်ရှိနိုင်မှုများ၊ စီမံကိန်းများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ဖော်ထုတ်ဦးစားပေး သတ်မှတ်ရာတွင် ရပ်ရွာလူထုအား ထောက်ပံ့ပေးခြင်းအားဖြင့် ရပ်ရွာလူထုအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်နိုင်ခွင့် ရရှိစေရန် ရည်ရွယ်ပါသည်။ ရပ်ရွာအဆင့် ချဉ်းကပ်ဆောင်ရွက်မှုပုံစံသည် ရှိနေပြီးဖြစ်သော ရပ်ရွာလူထု၏ အလေ့အထများ၊ ကမကထပြု ဆောင်ရွက်မှုများ၊ ဖွဲ့စည်းမှုများ၊ လုပ်ငန်းစဉ်းများနှင့် ကွန်ယက်များကို ပိုမိုအားကောင်းစေရန် ဆောင်ရွက်ခြင်းသာဖြစ်ပြီး စဉ်ပြိုင်ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုလုပ်ပါ။ ဤနည်းလမ်းကို ကျင့်သုံးခြင်းသည် *CP* ဆောင်ရွက်သူများသည် ရပ်ရွာလူထုထံသို့ သွားရောက် သင်ကြားပို့ချခြင်း ပြုလုပ်သည်မဟုတ်ဘဲ လေ့လာသင်ယူ၊ ထိတွေ့ဆက်ဆံ၍ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအတွက် ရပ်ရွာလူထု၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် အလေ့အထများကို အားကောင်းခိုင်မာစေရန်နှင့် ဖော်ထုတ်သတ်မှတ်ပေးရန် ဖြစ်ပါသည်။<br><br>*နှင့်*<br><br>ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေးနှင့် ကျန်းမာစွာ ဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်ခွင့်အတွက် ရပ်ရွာလူထုမှ ကြိုးစားဆောင်ရွက်ရာတွင် ရပ်ရွာအဆင့်ချဉ်းကပ်ဆောင်ရွက်မှုပုံစံများမှ ပံ့ပိုးပေးပါသည်။ ပြဿနာအားလုံးကို ဖြေရှင်းနိုင်သည့် အဖြေတစ်ခုဆိုသည်မှာ မရှိပါ။ ကလေးသူငယ်များ၏ အခွင့်အရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးရေး၊ ကိုယ်ရောစိတ်ပါ ကျန်းမာရှင်သန်ရေးနှင့် ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို မြှင့်တင်ပေးနိုင်မည့် တည်ရှိပြီးဖြစ်သော ရပ်ရွာလူထု၏ စွမ်းဆောင်ရည်များကို နားလည်စေရန် လူသားချင်းစာနာမှုဆိုင်ရာ ဆောင်ရွက်သူများမှ ကြိုးစားရပါမည်။ ဤသို့ ဆောင်ရွက်ရာတွင် လိုအပ်လာမည့် ဦးဆောင်ဦးရွက်ပြုမှုများ၊ ဖွဲ့စည်းမှုများ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် ကွန်ယက်များတွင် ကလေးသူငယ်များအပါအဝင် ရပ်ရွာလူထုမှ ဦးဆောင်ပါဝင် ဆောင်ရွက်ရပါမည်။ ရပ်ရွာလူထုအဆင့် ချဉ်းကပ်ဆောင်ရွက်မှုပုံစံတွင် အောက်ပါတို့ လိုအပ်ပါသည် -<br><br>• အကြောင်းရင်းခံကို ရှင်းလင်းသေချာစွာ နားလည်သဘောပေါက်ခြင်း<br>• လိုအပ်ချက်များကို သိရှိနားလည်၍ ဦးစားပေးသတ်မှတ်နိုင်ခြင်း နှင့်<br>• တည်ရှိပြီးဖြစ်သော အလေ့အထများကို နားလည်သဘောပေါက်ခြင်း |

DRAFT